# Press Release

**U.S. EMBASSY RANGOON**

110 University Avenue, Kamayut Township, Rangoon, Burma

နိုဝင်ဘာ ၉၊ ၂၀၁၁

## အစီအစဉ်များ ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံတကာရေးရာဌာန (USAID) အဆင့်မြင့်ဝါရှင်တန် အရာရှိ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိခြင်း

ရန်ကုန် - နိုင်ငံတွင်း USAID အစီအစဉ်များဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ နိုင်ငံတကာရေးရာဖွံ့ဖြိုးရေးဌာန (USAID) မှ အာရှရေးရာဌာန ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာ ဂရီဂိုရီဘက်ခ်သည် အစိုးရအဆင့်မြင့်တာဝန်ရှိသူများ၊ အကူအညီပေးရေးဆိုင်ရာ အခြားပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၅ မှ ၂၉ ရက်အထိ လာရောက်ခဲ့ပါသည်။ နှစ် ၂၀ ကျော်ကာလအတွင်း မစ္စတာ ဘက်ခ်သည် အစိုးရဝန်ကြီးများနှင့် ပထမဦးဆုံးတွေ့ဆုံခဲ့သော အဆင့်အမြင့်ဆုံး USAID အရာရှိကြီးဖြစ်ပါသည်။ အပြုသဘောဆက်ဆံရေး အခွင့်အလမ်းကို တုံ့ပြန်သောအားဖြင့် မစ္စတာ ဘက်ခ်သည် အစိုးရတာဝန်ရှိသူများနှင့် လတ်တလော USAID အကူအညီပေးရေးအစီအစဉ်များအကြောင်းကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ်များစိတ်ဝင်စားသော အကြောင်းအရာများနှင့် ဦးစားပေးများကို လေ့လာခဲ့ပါသည်။ ဖြစ်နိုင်ခြေရှိသော အနာဂတ်အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ပါသည်။ နိုင်ငံတွင်ရှိနေစဉ်အတွင်း လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း အပါအဝင် USAID အစီအစဉ်များနှင့် တိုက်ရိုက်သက်ဆိုင်နေသော ဝန်ကြီးသုံးဦးနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့ပြင် သူ၏ဝန်ကြီးဌာန၏ အနာဂတ် ဗီဇာထုတ်ပေးရေးနှင့် ခရီးသွားလာခွင့်တောင်းခံခြင်းများတွင် ပူးပေါင်းဆောင်ရွက်မည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရန် မစ္စတာ ဘက်ခ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ကိုလည်း တွေ့ဆုံခဲ့ပါသည်။

မြို့နယ် ၂၄ ခုနှင့် အပူပိုင်းဇုန်ရှိ တိုင်းခြောက်တိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးနှင့် ရန်ကုန်တိုင်းတို့အတွင်းရှိ ကျေးရွာ ၂၅၀၀ ခန့်သို့ လူသားချင်းစာနာထောက်ထားသော အထောက်အပံ့များ ပေးအပ်ရေးဆိုင်ရာ USAID ၏ ငါးနှစ်စီမံကိန်းအသစ်ဖြစ်သည့် “ရှေ့သို့” အစီအစဉ်ကိုလည်း မစ္စတာ ဘက်ခ်က သူ့ခရီးစဉ်အတွင်းတွင် မိတ်ဆက်သွားခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို ဝါရှင်တန်တွင် ဌာနချုပ် အခြေစိုက်ထားသော အကျိုးအမြတ်မယူသည့် အစိုးရမဟုတ်သော အဖွဲ့တစ်ဖွဲ့က နိုင်ငံတွင်း လုပ်ကိုင်ဆောင်ရွက်မှုအတွေ့အကြုံ နှစ် ၄၀ ကျော်ရှိနေပြီဖြစ်သော မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်မည့် မိတ်ဖက်များတွင် Marie Stopes International ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ Cooperazione e Sviluppo (Cooperation and Development)၊ UN-HABITAT နှင့် Myanmar Survey Research တို့ ပါဝင်ပါသည်။ ဒေသခံ လူ့အဖွဲ့အစည်းက ပူးပေါင်းပါဝင်ရေး၊ မိခင်နှင့်ကလေးကျန်းမာရေး၊ သက်မွေးဝမ်းကျောင်းမှု၊ အစားအစာဖူလုံရေး၊ ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍများတွင် ရေရှည်တည်တံ့သောဖြေရှင်းမှုများကို ရှာဖွေရန်အတွက် အဆိုပါအဖွဲ့အစည်းများနှင့်လက်တွဲကာ အရင်းအမြစ်များနှင့် နည်းပညာအကူအညီများကို ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ပါသည်။